# သင့်တွင် အောက်ပါ ရပိုင်ခွင့်များရှိပါသည်

သင့်ကျန်းမာရေးအား ကာကွယ်လိုက်ပါ ဆရာဝန်ထံသို့ သွားခြင်း

2020 ခုနှစ်၊ ဖေဖော်ဝါရီလတွင် ဖြည့်စွက်ပြင်ဆင်ထားသည်

**ဆရာဝန်များနှင့် သူနာပြုများသည် သင့်ကျန်းမာရေးကိုသာ အလေးထားပြီး သင်၏ ရွှေ့ပြောင်းနေထိုင်မှုအခြေအနေအပေါ် အလေးထားခြင်း မရှိပါ။** လူနာများအနေဖြင့် ၎င်းတို့၏ ကိုယ်ရေးအချက်များအား လျှို့ဝှက်ထားသည်ဟု ယုံကြည်စိတ်ချစွာဖြင့် စောင့်ရှောက်မှုအား ခံယူနိုင်ပါသည်။ ဆေးရုံများ၊ ကျန်းမာရေးဆေးခန်းများ၊ အရေးပေါ်စောင့်ရှောက်မှုနှင့် ဆရာဝန်များ၏ ဆေးခန်းများကဲ့သို့သော ကျန်းမာရေးစောင့်ရှောက်ရေး အဆောက်အအုံများတွင် ဥပဒေစိုးမိုးရေးဆိုင်ရာလုပ်ဆောင်ချက်များအား ရှောင်ကြဉ်ရမည်ဟု ရွှေ့ပြောင်းနေထိုင်မှုဆိုင်ရာဌာနများတွင်လည်း မူဝါဒထားရှိပါသည်။




**ကျန်းမာရေးစောင့်ရှောက်ရေး လုပ်သားများအနေဖြင့်လည်း ရွှေ့ပြောင်းနေထိုင်မှုဆိုင်ရာ အခြေအနေနှင့်ပတ်သက်သော အချက်အလက်များကို မေးမြန်းမည်မဟုတ်ပါ။.** ဆေးရုံ အရေးပေါ်ခန်းများအနေဖြင့်လည်း အရေးပေါ်ဝန်ဆောင်မှု လိုအပ်သူတိုင်းကို ကူညီရမည်ဖြစ်ကာ ရပ်ရွာကျန်းမာရေးစင်တာများ အနေဖြင့်လည်း လူတိုင်းကို ကူညီရပါမည်။ ၎င်းတို့က သင့်တွင် အာမခံ၊ ငွေကြေး သို့မဟုတ် ရွှေ့ပြောင်းနေထိုင်မှုဆိုင်ရာ စာရွက်စာတမ်းများ ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ သင့်အား ပြုစုကုသပေးသွားပါမည်။ တစ်စုံတစ်ယောက်မှ ကျန်းမာရေးအာမခံနှင့်ပတ်သက်ပြီး မေးမြန်းလာလျှင်လည်း “ကျွန်ုပ်သည် ကျန်းမာရေးအာမခံရယူရန် သတ်မှတ်ချက်မပြည့်မီသလို လျှောက်ထားလိုခြင်းလည်းမရှိပါ” ဟု ပြောကြားနိုင်ပါသည်။

**ကျန်းမာစောင့်ရှောက်မှုရယူစဉ်တွင် သို့မဟုတ် ကျန်းမာရေးအာမခံ လျှောက်ထားစဉ်တွင် စကားပြန်တစ်ဦးအသုံးပြုခွင့် လူတိုင်းတွင် ရှိပါသည်။.** ဆေးရုံ သို့မဟုတ် ရပ်ရွာကျန်းမာရေးစင်တာတွင် စောင့်ရှောက်မှုရယူနေစဉ် စကားပြန်တစ်ဦး အခမဲ့အသုံးပြုခွင့် သင့်တွင် ရှိပါသည်။ ဆေးရုံများနှင့် ရပ်ရွာကျန်းမာရေးစင်တာများအနေဖြင့် လူနာများအား အကူအညီပေးအပ်ရန်အတွက် ဘာသာစကားနှစ်မျိုးပြော ဝန်ထမ်း၊ တယ်လီဖုန်းစကားပြန် ဝန်ဆောင်မှုများ သို့မဟုတ် သတ်မှတ်ချက်ပြည့်မီသော လူစကားပြန်အား အသုံးပြုနိုင်ပါသည်။ Medicaid, CHIP သို့မဟုတ် ACA အစီအစဉ်အား သင်လျှောက်ထားစဉ်တွင် စကားပြန်တစ်ဦးအား အခမဲ့အသုံးပြုခွင့်လည်း သင့်တွင် ရှိပါသည်။

**အာမခံမရှိဘဲနှင့်လည်း ကျန်းမာရေးစောင့်ရှောက်မှုအား သင်ရယူနိုင်ပါသေးသည်။ ကျန်းမာရေးစောင့်ရှောက်မှုဟုဆိုရာတွင် အရေးပေါ်ခန်းအသုံးပြုမှု၊ ရပ်ရွာကျန်းမာရေးစင်တာများ၊ ရွှေ့ပြောင်းကျန်းမာရေးစင်တာများ၊ အခမဲ့ဆေးခန်းများနှင့် အစိုးရဆေးရုံများ ပါဝင်ပါသည်။ သင့်တွင် ရွေးချယ်နိုင်သည်များရှိပါသည်။**

- **ကျန်းမာရေးစင်တာတစ်ခုအား ရှာဖွေရန်အတွက် -** https://findahealthcenter.hrsa.gov
- **Buscar un centro de salud:** https://findahealthcenter.hrsa.gov/widgetspanish/
- **Tအခမဲ့ သို့မဟုတ် ကုသိုလ်ဖြစ်ဆေးခန်းတစ်ခုအား ရှာဖွေရန်အတွက် သို့ သွားပါ။** www.nafcclinics.org/find-clinic

PROTECTING IMMIGRANT FAMILIES

**အရင်းအမြစ်များထပ်မံရရှိရန်အတွက် အောက်ပါသို့သွားပါ**

WWW.PROTECTINGIMMIGRANTFAMILIES.ORG

**ဆရာဝန်နှင့်တွေ့ဆုံပြီး ကျန်းမာရေးစောင့်ရှောက်မှု ရယူရန်လိုအပ်ပါက အရေးပေါ်ခန်းသို့ သွားရောက်ခြင်းအား စိတ်ချလုံခြုံစွာပြုလုပ်နိုင်ကာ ကောင်းမွန်သော လုပ်ဆောင်ချက်လည်း ဖြစ်ပါသည်။** သင် ကျန်းမာရေးစောင့်ရှောက်သူက သင်၏ ကိုယ်ရေးလုံခြုံမှုဆိုင်ရာ အခွင့်အရေးအား စောင့်ထိန်းလိုက်နာမည်ဖြစ်ပါသည်။ သင် အာမခံလျှောက်ထားသည့် အခြေအနေမှလွဲ၍ သင်၏ ရွှေ့ပြောင်းနေထိုင်မှုဆိုင်ရာ အခြေအနေအကြောင်း သင့်အား မေးမြန်းမည်မဟုတ်ပါ။ သင့် ရွှေ့ပြောင်းနေထိုင်မှုအခြေအနေသည် စောင့်ရှောက်မှုရယူရန်အတွက် အတားအဆီးဖြစ်စေမည် မဟုတ်ပါ။

**ကုသမှုခံယူနေသူသည် ဆေးမှတ်တမ်း သို့မဟုတ် ဆေးညွှန်းပေါ်တွင် ဖော်ပြထားသူနှင့် တစ်ဦးတည်းဖြစ်ကြောင်း ပြသပေးရန်အတွက် ဆေးရုံများ သို့မဟုတ် ဆရာဝန်များမှ ဓာတ်ပုံအိုင်ဒီတစ်ခုအား တောင်းဆိုနိုင်ပါသည်။** သင့်တွင် ဓာတ်ပုံအိုင်ဒီတစ်ခုမရှိပါက သင့်အနေဖြင့် "ကျွန်ုပ်သည် ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်နေသော်လည်း ဓာတ်ပုံအိုင်ဒီတစ်ခုမရှိပါ" ဟု ပြောဆိုနိုင်ပါသည်။

**သင့်တွင် အောက်ပါ ရပိုင်ခွင့်များရှိပါသည် -** သင့်ကျန်းမာရေးအား ကာကွယ်လိုက်ပါ – ဆရာဝန်ထံသို့ သွားခြင်း
2020 ခုနှစ်၊ ဖေဖော်ဝါရီလတွင် ဖြည့်စွက်ပြင်ဆင်ထားသည်




**ရွှေ့ပြောင်းနေထိုင်သူများစွာမှာ ကျန်းမာရေးအာမခံအတွက် သတ်မှတ်ချက်ပြည့်မီပါသည်။** ကျန်းမာရေးဆိုင်ရာ ကျခံပေးမှုများရှိထားခြင်းသည် ရိုးရှင်းသောပြဿနာက ပိုမို ပြင်းထန်မသွားမီ သို့မဟုတ် ငွေကုန်ကြေးကျ မများသွားမီ စောင့်ရှောက်မှုခံယူနိုင်ရန် အလားအလာ များသွားစေပါသည်။ ကျန်းကျန်းမာမာနေခြင်းသည် အလုပ်လုပ်ခြင်းနှင့် သင့်မိသားစုအား ပံ့ပိုးပေးခြင်းကို ဆက်လက်လုပ်ဆောင်နိုင်စေပါသည်။

---

**Affordable Care Act (ACA သို့မဟုတ် Obamacare) သည် အကျုံးဝင်နေပါသေးသည်။** သတ်မှတ်ချက်ပြည့်မီပါက သင့်အနေဖြင့် ကျန်းမာရေးအာမခံအား လျှောက်ထားသင့်ပါသည်။ သင် သို့မဟုတ် သင့်မိသားစုဝင်အနေဖြင့် သတ်မှတ်ချက်ပြည့်မီခြင်း ရှိမရှိ မသေမချာ ဖြစ်နေပါသလား။ စာရင်းသွင်းခြင်းနှင့်ပတ်သက်ပြီး အခမဲ့ အကူအညီပေးခြင်းအား သင့်အနီးတစ်ဝိုက်တွင် ရရှိနိုင်ပါသည်။ သင့်အနီးတစ်ဝိုက်ရှိ ကိုယ်တိုင်ကိုယ်ကျ ကူညီပေးမည့်သူအား ရှာဖွေရန်အတွက် သို့သွားပါ။

**ခိုင်မာသော ကိုယ်ရေးလုံခြုံမှု စည်းမျဉ်းစည်းကမ်းများသည် ကျန်းမာရေးအာမခံအား လျှောက်ထားစဉ် သင့် ကိုယ်ရေးအချက်အလက်အား ကာကွယ်ပေးပါသည်။** Medicaid ၊ ကလေးသူငယ်ဆိုင်ရာ ကျန်းမာရေးအာမခံ အစီအစဉ်၊ Affordable Care Act (ACA သို့မဟုတ် Obamacare) အား လျှောက်ထားစဉ် သင်ပေးအပ်သော အချက်အလက်များအား သင်၏ သတ်မှတ်ချက်ပြည့်မီမှုအား ဆုံးဖြတ်ပေးရန် သို့မဟုတ် အစီအစဉ်အား စီမံပေးရန်အတွက်သာ အသုံးပြုပါမည်။ ဤအချက်အလက်အား အခြားရည်ရွယ်ချက်များအတွက် မျှဝေအသုံးပြုခြင်းကို မပြုသင့်ပါ။

**အရင်းအမြစ်များထပ်မံရရှိရန်အတွက် အောက်ပါသို့သွားပါ**
WWW.PROTECTINGIMMIGRANTFAMILIES.ORG

**သင့်ကလေး သို့မဟုတ် မိသားစုဝင်တစ်ဦးအတွက် အာမခံလျှောက်ထားခြင်းဖြစ်ပါက သင့်ရွှေ့ပြောင်းနေထိုင်မှုအခြေအနေအား ပေးအပ်ရန် မလိုအပ်ပါ။** Medicaid, CHIP, သို့မဟုတ် ACA အတွက် ကျခံမှုရယူနေသူများကသာ ၎င်းတို့၏ နိုင်ငံသားဖြစ်မှု သို့မဟုတ် ရွှေ့ပြောင်းနေထိုင်မှုအခြေအနေအား မဖြစ်မနေ ပေးအပ်ရမည် ဖြစ်ပါသည်။ ကလေးတစ်ဦးကဲ့သို့သော သတ်မှတ်ချက်ပြည့်မီသည့် မိသားစုဝင်တစ်ဦး၏ကိုယ်စား သင့်အနေဖြင့် လျှောက်ထားခြင်းဖြစ်ပါက ၎င်းတို့၏ အချက်အလက်များကိုသာ မျှဝေပေးရန် လိုအပ်ပါမည်။ သင်သည် ဥပဒေရေးရာစာရွက်စာတမ်းများ မရှိသူဖြစ်ပြီး မိသားစုဝင်တစ်ဦးကိုယ်စား လျှောက်ထားခြင်းဖြစ်ပါက သင်၏ ရွှေ့ပြောင်းနေထိုင်မှုအခြေအနေနှင့်ပတ်သက်သည့် မည်သည့်အချက်အလက်ကိုမျှ ပေးအပ်ရန် မလိုအပ်ပါ။ ထို့အစား "ကျွန်ုပ်ကိုယ်တိုင်အတွက် ကျန်းမာရေးအာမခံ လျှောက်ထားခြင်းမဟုတ်ပါ" ဟုလည်း သင်ပြောဆိုနိုင်ပါသည်။

**နိုင်ငံရပ်ခြားမှနေ၍ ရွှေ့ပြောင်းနေထိုင်ခွင့်ဗီဇာများ ရရှိရန် ကြိုးပမ်းနေသူများအတွက် သမ္မတ၏ ကျန်းမာရေးအာမခံ လိုအပ်ချက်များအား တရားရုံးများမှ ပိတ်လိုက်ပါပြီ။** ရွှေ့ပြောင်းလုပ်သားအသစ်များအနေဖြင့် ကျန်းမာရေးအာမခံထားရှိရန် လိုအပ်သည့်အခြေအနေအား သမ္မတမှ ဆန္ဒရှိနေကြောင်းကို သင် ကြားသိထားပြီး ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ ဤလိုအပ်ချက်အား ဖက်ဒရယ်တရားရုံးမှ ယာယီပိတ်ထားပါသည်။ အဆိုပါပိတ်ပင်မှု အကျိုးဝင်သွားပါက ဤလိုအပ်ချက်မှာ နိုင်ငံရပ်ခြားမှနေ၍ အမေရိကန်ပြည်ထောင်စုသို့ ဝင်ရောက်ရန် ကြိုးပမ်းနေသည့် ရွှေ့ပြောင်းနေထိုင်သူများ သို့မဟုတ် အမြဲနေထိုင်ခွင့်ကဒ်အတွက် အင်တာဗျူးဖြေဆိုရန် နိုင်ငံခြားသွားရန် လိုအပ်သူများအတွက်သာ သက်ရောက်မှုရှိပါမည်။ ၎င်းသည် အမေရိကန်ပြည်ထောင်စုတွင် အမြဲနေထိုင်ခွင့်ကဒ်အတွက် အင်တာဗျူးဖြေဆိုရန် ရှိနေသူများ၊ ဒုက္ခသည်များ၊ နိုင်ငံရေးခိုလှုံသူများ သို့မဟုတ် (စိုက်ပျိုးရေးလုပ်သားများကဲ့သို့သော) ရွှေ့ပြောင်းနေထိုင်ခွင့်မဟုတ်သည့် ဗီဇာများအား ရရှိရန် ကြိုးပမ်းနေသူများအပေါ် သက်ရောက်မှုရှိမည် မဟုတ်ပါ။ အခြား ခြွင်းချက်အခြေအနေများလည်း ရှိနေနိုင်ပါသည်။

**အစိုးရအစောင့်အရှောက်ခံအဖြစ် သတ်မှတ်ခံရသည့် လူအများစုအနေဖြင့် ဤစစ်ဆေးမှုတွင် ထည့်သွင်းပေးထားသည့် ဆေးဘက်ဆိုင်ရာ ကျခံပေးမှုအမျိုးအစားအတွက် သတ်မှတ်ချက်ပြည့်မီမည် မဟုတ်ပါ။** ကိုယ်ဝန်ဆောင်နေစဉ်နှင့် မွေးဖွားပြီးနောက် ရက် 60 နောက်ပိုင်းတွင် ရရှိထားသော Emergency Medicaid, Medicaid နှင့် အသက် 21 နှစ်အောက် ကလေးများမှ ရရှိထားသော Medicaid အား အစိုးရအစောင့်အရှောက်ခံဖြစ်မဖြစ် စစ်ဆေးမှုတွင် ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ ကိုယ်ဝန်ဆောင်မနေသော (နှင့် မကြာသေးမီက ကလေးမွေးဖွားထားခြင်းမရှိသည့်) အရွယ်ရောက်သူများမှ ရရှိထားသော ဖက်ဒရယ် Medicaid ကိုသာ ထည့်သွင်းစဉ်းစားပါသည်။ ထောက်ပံ့ငွေပါဝင်သော ကျန်းမာရေးအာမခံဝန်ဆောင်မှုအပေါ် ကျခံပေးမှု၊ ကလေးသူငယ်ဆိုင်ရာ ကျန်းမာရေးအာမခံ အစီအစဉ် (CHIP)၊ အစိုးရမှထောက်ပံ့ထားသော ကျန်းမာရေးအစီအစဉ်နှင့် ရပ်ရွာကျန်းမာရေးစင်တာ ဝန်ဆောင်မှုများ အပါအဝင် အခြား ကျန်းမာရေး ကျခံပေးထားမှုများအား အစိုးရအစောင့်အရှောက်ခံ ဖြစ်မဖြစ် ဆုံးဖြတ်ရာတွင် ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

**ကျန်းမာရေးကျခံပေးမှုများအား လျှောက်ထားရန် ဆုံးဖြတ်ချက်မချမီ သင့်ကိစ္စအပေါ် အကြံဉာဏ်ရယူရန်အလို့ငှာ ကျွမ်းကျင်သူတစ်ဦးနှင့် ဆွေးနွေးရန် ကျွန်ုပ်တို့ အကြံပြုပါသည်။ သင့်အနီးတစ်ဝိုက်ရှိ အခမဲ့ သို့မဟုတ် တန်ဖိုးနည်း ရွေးချယ်စရာများအား သိရှိရန် အောက်ပါသို့ ဝင်ရောက်ကြည့်ရှုပါ -**
https://www.immigrationadvocates.org/nonprofit/legaldirectory/.